# ကြေးမုံ The Mirror

၁၉၅၇ ခုနှစ် ဇွန်လ ၁ ရက် ‌နေ့တွင် စတင်ထုတ်ဝေသည်။ Established in 1957

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ စနေနေ့ (25-5-2013) (၇၄၉၁)


## ယနေ့ မာတိကာ


ပိန်သေးလား သေးသေးလား ............ စာမျက်နှာ - ၆

အောင်မင်္ဂလာအဝေးပြေးကားများအတွက် ဆိုက်ရောက်၊ ထွက်ခွာရန် အဆောက်အအုံ ၆၀ ရာခိုင်နှုန်းပြီးဆီး ............ စာမျက်နှာ - ၁၁

ကိန်းရုပ်ရှင်ပွဲတော်ကာလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်းတန် လည်ဆွဲရတနာ ထပ်မံပျောက်ဆုံး ............ စာမျက်နှာ - ၁၂


နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်ပရိသတ်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓမ္မာစရိယ ... ဆရာတော် ဘဒ္ဒန္တ ... ထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်းရာ ဝတ်ရွတ်မှုပေးနေကြစဉ်။ (သတင်းစဉ်)





# သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ် ရွှေကြာသက်နန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၄**

နေပြည်တော် ဥဒယရံသီကုန်းတော်ပြင်တွင် တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်ရွှေကြာသက်နန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သတ္တသတ္တာဟတရားစခန်းရှိ သာသနာ့ဗိမာန်တော်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတ အမှူးပြုသည့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသော သမန္တာအစချီ မေတ္တသုတ်တော်၊ ရတနာသုံးပါး ဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရတနာစိန်ဖူးတော်၊ ရွှေထီးတော်နှင့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအား သာဟတ္ထိကဒါန မြောက်အောင် ဆက်သွယ်စီစဉ်ထားသည့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ◆

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁)ပါ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ကိုယ်ရေးအချက်အလက်တွင် ပါရှိသော Seikei တက္ကသိုလ် ဥပဒေရေးရာဌာနမှ နိုင်ငံရေးသိပ္ပံဖြင့်ဘွဲ့ရရှိခဲ့သည့် ခုနှစ်အား ၁၉၉၇ ခုနှစ် (အစား) ၁၉၇၇ ခုနှစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(ကြေးမုံ)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့ အမှူးပြုသည့် ဘုရားဒါယကာ၊ ဒါယိကာမများ ဆရာတော်ကြီးများအား သတ္တသတ္တာဟ တရားစခန်းရှိ သာသနာ့ဗိမာန်တော်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)




**နိုင်ငံတကာသတင်း**

# အကြမ်းဖက်သမားအဖြစ် မသင်္ကာသူနှစ်ဦးကို လန်ဒန်ရဲတပ်ဖွဲ့က ဖမ်းဆီးပြီးစုံစမ်းစစ်ဆေးမှုပြုလုပ်

**လန်ဒန် မေ ၂၄**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့အနီး ဝူးလ်ဝစ်ချ်မြို့၌ ဗြိတိသျှစစ်သားတစ်ဦးကို မေ ၂၂ ရက်က သတ်ဖြတ်ခဲ့မှုနှင့် ပတ်သက်သော အကြမ်းဖက်သမားများအဖြစ် မသင်္ကာသူနောက်ထပ်နှစ်ဦးကို ရဲတပ်ဖွဲ့က မေ ၂၄ ရက်တွင် ဖမ်းဆီးလိုက်ကြောင်း၊ ရဲတပ်ဖွဲ့သည် မသင်္ကာဖွယ်ရာ နေရာအများအပြားတွင် ရှာဖွေမှုများပြုလုပ်ခဲ့ပြီး စုံစမ်းစစ်ဆေးမှုကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အဖမ်းခံရသူနှစ်ဦးမှာ အသက် (၂၉) နှစ်အသီးသီးရှိ အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦးတို့ ဖြစ်ကြပြီး လူသတ်မှုတွင် ကြံရာပါများအဖြစ် မသင်္ကာရကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ယင်းသတ်ဖြတ်မှုကို တစ်ဦးတည်းက ကျူးလွန်ခဲ့သည်ဟု ကနဦးတွင် ယူဆခဲ့သော်လည်း စုံစမ်းစစ်ဆေးချက်အရ တစ်ဦးထက်မကသူများက ဖြစ်မှုတွင်ပါဝင်ပတ်သက်ဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်သူမှာ ခရစ်ယာန်ဘာသာဝင်အဖြစ်မှ မွတ်စလင်တစ်ဦးအဖြစ်သို့ ဘာသာကူးပြောင်းခဲ့သူဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူမှာ အသက် (၂၅) နှစ်ရှိ ဒရမ်မာဃီရစ်ဘီဆိုသူ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည်။ **ဖောတ်စ်နယူး**





လူသတ်မှုဖြစ်ပွားခဲ့သည့် နေရာကို ပိတ်ဆို့၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိစဉ်။

# အိန္ဒိယရေလုပ်သား ၄၅ ဦးကို ပါကစ္စတန်က ပြန်လွှတ်ပေး

**အစ္စလာမ္မာဘတ် မေ ၂၄**

ပါကစ္စတန်အကျဉ်းထောင်တွင် ဖမ်းဆီးထားသော အိန္ဒိယရေလုပ်သား ၄၅ ဦးကို လူသားချင်းစာနာထောက်ထားမှုအရ ပါကစ္စတန်က ပြန်လည်လွှတ်ပေးလိုက်ကြောင်း မေ ၂၄ ရက်တွင် တာဝန်ရှိသူများက ပြောကြားသည်။

ပါကစ္စတန်အကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားသော အဆိုပါရေလုပ်သားများအား ပါကစ္စတန်အိမ်စောင့်အစိုးရအဖွဲ့ ဝန်ကြီးချုပ် မီယာဟာဇာခန်းခိုးစိုကလွှန်ခဲ့သည့်ရက်သတ္တပတ်တွင် လွှတ်ပေးရန်ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။ ၎င်းရေလုပ်သား ၄၅ ဦးအား ကရာချိမြို့ အကျဉ်းထောင်မှ ပါကစ္စတန်နိုင်ငံအရှေ့ပိုင်းရှိ လာဟိုးမြို့သို့ ဘတ်စ်ကားတစ်စီးဖြင့် တင်ဆောင်လာပြီး ဝပ်ဂျ်ဂါနယ်စပ်ရှိ အိန္ဒိယအာဏာပိုင်များထံ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

အိန္ဒိယနှင့် ပါကစ္စတန်မှ ရေလုပ်သားများသည် နှစ်နိုင်ငံရေကြောင်းနယ်နိမိတ်များ ဖြတ်သန်းဝင်ရောက်မှုကြောင့် အပြန်အလှန်ဖမ်းဆီးခဲ့ကြမြဲဖြစ်သည်။

ပါကစ္စတန်အကျဉ်းထောင်တွင် အိန္ဒိယရေလုပ်သား ၄၈၂ ဦးကို ဖမ်းဆီးထားပြီး အိန္ဒိယအကျဉ်းထောင်တွင် ပါကစ္စတန် ၄၉၆ ဦးကို ထိန်းသိမ်းထားလျက်ရှိသည်။ **ဆင်ဟွာ**

# ဗြိတိသျှလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ဟီသရိုးလေဆိပ်တွင် အရေးပေါ်ဆင်းသက်

**လန်ဒန် မေ ၂၄**

ဗြိတိသျှလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် စက်ချွတ်ယွင်းမှုကြောင့် မေ ၂၄ ရက်တွင် လန်ဒန်မြို့ ဟီသရိုးလေဆိပ်တွင် အရေးပေါ်ဆင်းသက်ခဲ့ပြီး တာဝန်ရှိသူများက လေယာဉ်ပြေးလမ်းနှစ်ခုကို ပိတ်ထားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အဆိုပါလေယာဉ်မှ အရေးပေါ်ထွက်ပေါက်ကို အသုံးပြုပြီး ခရီးသည် ၇၅ ဦးတို့ လေယာဉ်မှထွက်လာပုံကို ပြသခဲ့ပြီး အဆိုပါခရီးသည်တင်လေယာဉ် အဲဘတ်စ်-အေ ၃၁၉၏ ယာဘက်စက်ခေါင်းမှ မီးခိုးငွေ့များထွက်လာပုံကိုလည်း မြင်တွေ့ရသည်။ ၎င်းခရီးသည်တင်လေယာဉ် အဲဘတ်စ်-၃၁၉ လေယာဉ်၏ ယာဘက်စက်ခေါင်းသည် လေယာဉ်ပျံတက်သွားပြီး မကြာမီမှာပင် မီးခိုးများထွက်လာခဲ့သည်ဟုဆိုသည်။

ကမ္ဘာပေါ်တွင် ခရီးသည်ဝင်ထွက်မှု အများဆုံးဖြစ်သော ဟီသရိုးလေဆိပ်၏ လေယာဉ်မြောက်ဘက်ပြေးလမ်းကို ယင်းအဖြစ်အပျက်ဖြစ်ပွားပြီး နံနက် ၉ နာရီဝန်းကျင်မှစ၍ ပိတ်ထားလိုက်ပြီး ဟီသရိုးလေဆိပ်၏ တောင်ဘက်လေယာဉ်ပြေးလမ်းကို နောက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပေးလိုက်ကြောင်း လေဆိပ်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောသည်။

ဗြိတိသျှလေကြောင်းလိုင်းမှ လေယာဉ်ခရီးစဉ်အမှတ် ဘီအေ-၇၆၂ ဟီသရိုးမှ နော်ဝေနိုင်ငံ အော်စလိုမြို့သို့ ပျံသန်းသည့် လေယာဉ်သည် စက်ချွတ်ယွင်းမှုကြောင့် လေယာဉ်ကွင်းမှ ပျံတက်ပြီး အချိန်တိုအတွင်း ဟီသရိုးလေဆိပ်သို့ ပြန်လာခြင်းဖြစ်ကြောင်း ဗြိတိသျှလေကြောင်းလိုင်းမှ တာဝန်ရှိသူက ပြောကြားသည်။

ယင်းလေယာဉ်မတော်တဆဖြစ်ရပ်မှာ စက်ချွတ်ယွင်းမှုဖြစ်ကြောင်း၊ အကြမ်းဖက်မှုနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ယင်းပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အေအက်ဖ်ပီ**










## ပြည်တွင်းရေးရာ

◆ရှေ့ဖုံးမှ

ကတ္တီပါယပ်တော်များ၊ အထက်ဌာပနာရုပ်ပွားတော်များ၊ ရွှေထီးတော်ဘုံဆင့်များ၊ ရွှေကြာသက်န်းတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဗန်းမော်ကျောင်းတိုက်ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမွန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဌာပနာတော်များနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမွန်က သီလရှင်ဆရာကြီး ဒေါက်တာမောဠိနီ ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိက ခြောက်ထပ်ကြီး ဆရာတော် ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဌာပနာတော်သွင်းလှူပူဇော်ခြင်း အခမ်းအနားကို မဟာဗောဓိစေတီတော်၌ ဆက်လက်ကျင်းပရာ ရတနာစိန်ဖူးတော်နှင့် ဌာပနာရုပ်ပွားတော်များကို နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များက ဝင့်ဆောင်၍ စေတီတော်မြတ်အား လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အမှူးပြုသော စည့်ပရိသတ်များက ဌာပနာတော်များ၊ ရွှေထီးတော်၊ စိန်ဖူးတော်၊ သာသနာ့အောင်လံတော်နှင့် ရွှေကြာသက်န်းတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က အခမ်းအနားအောင်မြင်မှု အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ သွန်းဖြိုးပေးကြသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်နှင့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအား သာဟတ္ထိကဒါနမြောက်အောင် ဆက်သွယ်စီစဉ်ထားသည့် အထက်ဌာပနာရုပ်ပွားတော်များအား ဗန်းမော်ကျောင်းတိုက်ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အဆိုပါ အခမ်းအနားတွင် အလှူရှင်များလှူဒါန်းထားသည့် ရတနာများနှင့် ဌာပနာများကို ဌာပနာပုံကျမ်းနှင့်အညီ ဌာပနာသွင်းလှူခဲ့ကြောင်းနှင့် ဝတ္ထုငွေများကို စေတီတော်ကြီး၏ထာဝရငွေပဒေသာပင်အဖြစ် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဗုဒ္ဓါဘိသေကအနေကဇာဆင်ယင်ခြင်း အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များက မဟာဗောဓိရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော ဆရာတော်ကြီးများက သတ္တဌာနတို့၌ ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စေတီတော် ဂန္ဓကုဋိတိုက်အတွင်း စာမျက်နှာ ၈ ကော်လံ ၁ သို့●



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမွန်တို့ ဌာပနာတော်များအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့ လှူဖွယ်ပစ္စည်းများအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရောဝတီဘဏ်
ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း
ဦးအောင်ဇော်+ဒေါ်ယဉ်ယဉ်မြတ်
SUSTAIN CONSTRUCTION CO.,LTD.
ROYAL MAYLIKHA LUXURY CONDOMINIUM

# နေပြည်တော် ဥဒယရုံသီကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟမဟာဗောဓိ စေတီတော်မြတ်ကြီး ရွှေထီးတော်တင်အခမ်းအနား





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အမှူးပြုသော ဧည့်ပရိသတ်များက ဓမ္မာစရိယ ဥပနာတော်များ၊ ရွှေထီးတော်၊ စိန်ဖူးတော်၊ သာသနာ့အောင်လံတော်နှင့် ငှက်မြတ် ဆွဲကြိုး သက်န်းတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်ကြစဉ်။ (သတင်းစဉ်)





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ ဥပနာတော်များအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဥပနာတော်များအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)









ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဌာပနာတော်များအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ လှူဖွယ်ပစ္စည်းများအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝ…
ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြစဉ်။



သတ္တသတ္တာဟ မဟာစေတီတော်မြတ်…
အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

● စာမျက်နှာ ၇ မှ

ခင်းကျင်းပြသထားသော မြတ်ဗုဒ္ဓ၏ မဇ္ဈိမခရီးစဉ်ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြပြီး သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ရှိ မဟာဗောဓိညောင်ပင်၊ အဇပါလညောင်ပင်နှင့် လင်းလွန်းပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

## နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ အမှူးပြုသည့် ဘုရားဒါယကာ၊ ဒါယိကာမများက ဆရာတော်ကြီးများအား သတ္တသတ္တာဟတရားစခန်းရှိ သာသနာ့ဗိမာန်တော်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ညပိုင်းတွင် သတ္တသတ္တာဟတရားစခန်းရှိ သာသနာ့ဗိမာန်တော်၌ တရားပွဲကျင်းပခဲ့ပြီး သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက ဟောကြားခဲ့ကြောင်း၊ မေ ၂၅ ရက်တွင် ယောဆရာတော်နှင့် မေ ၂၆ ရက်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်တို့က တရားတော်များ ချီးမြှင့်ဟောကြားမည်ဖြစ်ကြောင်း၊ မေ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် တရားစခန်းပရိဝုဏ်ရှိ စင်မြင့်၌ မြဝတီအငြိမ့်ဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဌာပနာတော်များအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)





စိန်ဖူးတော်၊ သာသနာ့အောင်လံတော်နှင့် ရွှေကြာ
(သတင်းစဉ်)





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ သဗ္ဗညုတဉာဏ မဟာစေတီတော်ရှိ မဟာဗောဓိ ညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။
(သတင်းစဉ်)



ကဝ်လှူဒါန်း
(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ စေတီတော်ဂန္ဓကုဋိတိုက်အတွင်း ခင်းကျင်းပြသထားသော မြတ်ဗုဒ္ဓ၏ မဇ္ဈိမဒေသ ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြစဉ်။
(သတင်းစဉ်)

# ပရိဘောဂစေတီထိုက်ပေသည့် ဗောဓိညောင်ပင်အား ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်

ရန်ကုန် မေ ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်၌ တည်ထားကိုးကွယ်ပူဇော်ထားလျက်ရှိတော်မူသော ပရိဘောဂစေတီထိုက်ပေသည့် ဗောဓိညောင်ပင်အား မေ ၂၄ ရက် (ကဆုန်လပြည့် ဗုဒ္ဓနေ့) နံနက်ပိုင်းက ညောင်ရေသွန်းပွဲတော်ကို ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့က ကြီးမှူး၍ ကျင်းပပူဇော်ခဲ့ကြောင်း သိရသည်။

(ရွှေတိုင်လွင်)

# ကျောင်းကြီးတိုက်ကျောင်းဝင်းအတွင်း၌ ညောင်ရေသွန်း

ရန်ကုန် မေ ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် မဟာသက္ကမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအနီး ကျောင်းကြီးတိုက်ကျောင်းဝင်းအတွင်း၌ ကျောင်းကြီးတိုက်ဂေါပကအဖွဲ့များနှင့် မဟာသက္ကမုနိ ဂေါပကအဖွဲ့များစုပေါင်း၍ ပဉ္စမအကြိမ်မြောက် ညောင်ရေသွန်းလောင်း အလှူတော်ကို မေ ၂၄ ရက် (ကဆုန်လပြည့်) နံနက် ၆ နာရီမှ ညနေ ၆ နာရီ အထိ မြို့နယ်သူ၊ မြို့နယ်သားများအားလုံး ညောင်ရေသွန်းလောင်းလှူခဲ့ကြောင်း သိရသည်။

(စန်းလွင်)



ကြည့်ရှုကြစဉ်
(သတင်းစဉ်)



သဗ္ဗညုတဉာဏ မဟာစေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်ရွှေကြာသက်နန်းတော်တပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။
(သတင်းစဉ်)



# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး လမ်းပိုင်းအလိုက် အကူအညီတောင်းခံနိုင်သည့် ဖုန်းနံပါတ်များ

| တည်နေရာ | အမည်အခေါ် | ဖုန်းနံပါတ် |
|---|---|---|
| နေပြည်တော်လမ်းဆုံ Toll Gate အရှေ့ရုံး | မေမြို့ | ၀၉-၈၆၁၈၀၀၀<br>၀၉-၄၃၅၁၈၀၀၀ |
| ရေပြာခန်းရုံး လယ်ဝေး | ရဲမာန် | ၀၉-၆၄၅၀၉၆၉ |
| မိုင် ၁၅၄/၀ | ရွာသစ်စခန်း | ၀၉-၅၀၅၁၀၁၁<br>၀၉-၈၆၅၀၂၂၈ |
| မိုင် ၄၀/၄ စခန်း | ဘောနတ်ကြီး | ၀၉-၈၆၂၄၆၂၂ |
| မိုင် ၁၁၁/၄ စခန်း | (၁၁၄)မောင်းထောင် | ၀၉-၈၃၀၁၀၄၁<br>၀၉-၅၁၉၄၂၄၇ |
| နေပြည်တော်လမ်းဆုံ Toll Gate | (စီလမ်းဆုံ)ကောင်းစံ | ၀၉-၈၃၀၀၃၆၁<br>၀၉-၄၉၂၀၄၄၈၃ |
| အမှတ်(၃)လမ်းဆုံစခန်း မိုင် ၁၅/၅ မှ ၁၅/၆ လေ့လော့အင်း Plant | အမှတ်(၃) | ၀၉-၅၀၈၅၉၀၃ |
| မိုင် ၂၀/၅ စခန်း | (မြို့ဦးတောင်) | ၀၉-၈၆၂၄၆၂၂ |
| မိုင် ၄၀/၄ စခန်း | (၄၀/၄) | ၀၉-၈၆၂၄၆၂၂ |
| ၃ မိုင်ဖျော်စက်စခန်း | (၃)မိုင် | ၀၉-၆၈၀၅၄၀၀ |
| မိုင် ၆၈/၅ မရမ်းချောင်း ပျော်ဘက်(အမြန်လမ်း) | (မရမ်းချောင်း) | ၀၉-၈၃၀၃၂၄၁ |

(ဆက်လက်ဖော်ပြပါမည်)

# မွန်ပြည်နယ် ၁၀ မြို့နယ်၌ ၂၀၁၂ ခုနှစ်တွင် မီးလောင်မှုအကြိမ် (၄၀) ဖြစ်ပွားခဲ့

**မော်လမြိုင် မေ ၂၄**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ခြောက်မြို့နယ်နှင့် သထုံခရိုင် လေးမြို့နယ်ရှိ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများတွင် မီးလောင်ကျွမ်းမှုများ လျော့နည်းစေရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်စီစဉ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ ပူးပေါင်းပါဝင်သောအဖွဲ့သည် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ၊ အသိပညာပေးဆွေးနွေးပွဲများကို တစ်အိမ်တက်ဆင်း မီးဖိုများစစ်ဆေးခြင်း၊ လျှပ်စစ်မီးသုံးစွဲမှုများစစ်ဆေးခြင်း၊ ရေသိုလှောင်ကန်များစစ်ဆေးခြင်းများ အပတ်စဉ်ကွင်းဆင်းဆောင်ရွက်ပေးခြင်းတို့ကြောင့် မွန်ပြည်နယ် ၁၀ မြို့နယ်တွင် ယမန်နှစ်ကထက် မီးလောင်ကျွမ်းမှုများ၊ ဆုံးရှုံးမှုတန်ဖိုးများနှင့် အိုးမဲ့အိမ်မဲ့ဖြစ်ပွားမှုများ လျော့နည်းခဲ့သည်။

မွန်ပြည်နယ် ၁၀ မြို့နယ်တွင် ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ၁၂ လအတွင်း မီးလောင်မှုအကြိမ် (၄၀)ဖြစ်ပွားခဲ့ပြီး အိုးမဲ့အိမ်မဲ့ ၅၄ ဦးဖြစ်သည်။

ထို့ပြင် မော်လမြိုင်ခရိုင် ခြောက်မြို့နယ်ဖြစ်သော မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ ချောင်းဆုံနှင့် ကျိုက်မရောမြို့နယ်တို့တွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ မေလ ၂၂ ရက်အထိ မီးလောင်မှုအကြိမ်ရေ (၂၇) ကြိမ် ဖြစ်ပွားခဲ့ကာ အိုးမဲ့ အိမ်မဲ့ ၅၅ ဦးဖြစ်သည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး၊ ချောင်းဆုံမြို့နယ် နတ်မော်ကျေးရွာ တမ်းနားပိုင်းလူနေအိမ်များ၊ ရေးမြို့နယ်နှင့် မုဒုံမြို့နယ် ရော်ဘာခြံတို့တွင် မီးလောင်ဆုံးရှုံးမှု ပိုမိုများပြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ကျော်သန်း-မော်လမြိုင်)**

# ကော့မှူးငါးကန်၌ လူသတ်မှုဖြစ်ပွား

**ရန်ကုန် မေ ၂၄**

ကော့မှူးမြို့နယ် ကျိုက်ထော်ရဲစခန်းအပိုင်တွင် မေ ၂၂ ရက်က အရက်အတူသောက်ရာမှ စကားများရန်ဖြစ်ပြီး ငါးကန်စောင့်အလုပ်သမားချင်း ရိုက်သတ်ပြီး အလောင်းအား ငါးကန်အတွင်းရှိ ဒိုက်ပုံအောက်တွင် ဝှက်ထားသော လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ နေ့ ညနေ ၃ နာရီတွင် ကျိုက်ထော်ရဲစခန်းမှ ရဲအုပ်မျိုးဇော်ထွန်း(စခမ)နှင့် အဖွဲ့သည် ကျိုက်ထော်မြောက်ကျေးရွာ မြောက်ဘက်တစ်မိုင်ခန့်အကွာရှိ ဦးကျော်ကြိုင် (၅၅)နှစ်၏ ငါးကန်၌ လူသတ်မှုဖြစ်ပွားကြောင်း အကြောင်းကြားသဖြင့် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ တွံတေးမြို့နယ် ခတ္တိယကျေးရွာနေ ငါးကန်စောင့် အလုပ်သမား ဖိုးပိန်(ခ) အေးကိုကိုကျော်(၂၅)နှစ်နှင့် ကော့မှူးမြို့နယ် တွမ်းခြံကုန်းလေး ကျေးရွာနေ ငါးကန်စောင့်အလုပ်သမား ရာဇာဌေး(၂၃)နှစ်တို့ မွန်းလွဲ ၂ နာရီတွင် အရက်အတူသောက်ရာမှ စကားများရန်ဖြစ်ကြသည်။

ဖိုးပိန်(ခ) အေးကိုကိုကျော်က ရာဇာဌေးအား ထမင်းသွားကျောက်ထည့်ရာတွင် အသုံးပြုသော ပျဉ်ပြားပိုင်းအရှည် ၂၃ လက်မခန့်၊ ဖြက် သုံးလက်မခွဲ၊ အထူ လက်မဝက်ခန့်ဖြင့် ရိုက်သတ်၍ အလောင်းအား ငါးကန်တွင်းရှိ ဒိုက်ပုံအောက်တွင် ဝှက်ထားကြောင်း သိရသဖြင့် ရာဇာဌေးအလောင်းအား ရှာဖွေ၍ သက်သေများရှေ့ စစ်ဆေးရာ သေဆုံးသူတွင် နဖူးအလယ်မှ ဆံစပ်အထိ ဦးခွံ ရိုးကျိုး၊ ဦးနှောက်ထွက်ကြေမွဒဏ်ရာ၊ ဝဲချိုစောင်း အရိုးကွဲ ကြေမွဒဏ်ရာ၊ ဝဲမျက်ခုံးစောင်း စုတ်ပြဲဒဏ်ရာ၊ ဝဲပါးစုတ်ပြဲဒဏ်ရာတို့ဖြင့် သေဆုံးနေသည်ကို တွေ့ရသဖြင့် ပြစ်မှုကျူးလွန်သူ ဖိုးပိန်(ခ) အေးကိုကိုကျော်အား ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။

**(၃၀)**

# ကော့သောင်းမြို့တွင် မိုးသည်းထန်ပြီး မြေပြိုမှုဖြစ်ပွား

**ကော့သောင်း မေ ၂၄**

ကော့သောင်းမြို့တွင် မဟာစင်မုန်တိုင်းအလွန် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မေ ၂၀ ရက် နံနက် ၁၁နာရီခွဲက ကော့သောင်းမြို့ ရှေ့ဇင်ယော်ရပ်ကွက် အမှတ် (၁) အခြေခံပညာမူလတန်းကျောင်းရှေ့ ဝဲဘက်ရှိ အလျား ပေ ၄၀၊ အမြင့် ၁၃ ပေရှိ မြေထိန်းနံရံမှာ မြေပြိုကျပျက်စီးသွားခဲ့သည်။**(အောက်ပုံ)**

ထိုမြေထိန်းနံရံမှာ ကျောင်းအကျိုး တော်ဆောင်များ၊ စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ကျောက်တုံးကြီးများကို ကွန်ကရစ်ဖြင့် တည်ဆောက်ထားသည်မှာ ရက်ပိုင်းမျှသာရှိသေးပြီး ယခုမိုးသည်းထန်စွာရွာသွန်းသဖြင့် ပြိုကျခဲ့ခြင်းဖြစ်သည်။

အဆိုပါ မူလတန်းလွန်ကျောင်းတွင် သူငယ်တန်းမှ ခုနစ်တန်းအထိ ကျောင်းသား ကျောင်းသူ ဦးရေ ၆၅၂ ဦးခန့် ပညာသင်ကြားလျက်ရှိပြီး ယခုအချိန် ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ရက်ပိုင်းအလိုတွင် ယင်းသို့ ပြိုကျခြင်းဖြစ်ကြောင်း သိရသည်။

**(ကျော်စိုး-ကော့သောင်း)**





# စစ်တွေမြို့နယ် အုန်းတောကြီးကျေးရွာ၌ လက်ပစ်ဗုံးများနှင့် ကျည်ဆန်များ တွေ့ရှိ

**စစ်တွေ မေ ၂၄**

စစ်တွေမြို့နယ် အုန်းတောကြီးကျေးရွာမှ ပလ္လင်ပြင်ထိ လမ်းဖောက်လုပ်ရေးအဖွဲ့သည် မေ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် အုန်းတောကြီးကျေးရွာအနီး ရေနုတ်မြောင်း တူးဖော်စဉ် အနက် နှစ်ပေခန့်၌ ကျောပိုးအိတ်ဟောင်းတစ်လုံးအတွင်း ထည့်ထားသည့် အမှတ် (၃၆) လက်ပစ်ဗုံး ၂၀ လုံး၊ ၉ မမ ကျည်အတောင့် ၉၀၀ အား တွေ့ရှိခဲ့သည်။**(အပေါ်ပုံ)**

ယင်းလက်ပစ်ဗုံးနှင့် ခဲယမ်းများမှာ သံချေးတက်ပြီး လုံးဝအသုံးပြု၍မရဘဲ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က နစ်မြုပ်ခဲ့သည့် ပစ္စည်းများဖြစ်သည်။ ယင်းပစ္စည်းများကို သက်ဆိုင်ရာမှ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**(ပြည်နယ်မြန်/ဆတ်)**

# ကြိုးဆွဲချသေဆုံးမှုဖြစ်ပွား

**နေပြည်တော် မေ ၂၄**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်နေ ဦးဝေလွင် (၅၄)နှစ်သည် ယောက်ဖဖြစ်သူ ကိုသီဟထွေး(၃၅)နှစ်မှာ မေ ၂၀ ရက် နံနက် ၉ နာရီတွင် နေအိမ်အိပ်ခန်းအတွင်း ကြိုးဆွဲချ သေဆုံးနေကြောင်း အကြောင်းကြားသဖြင့် နေပြည်တော် မြို့မရဲစခန်း(၁)မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူအား ပလတ်စတစ်နိုင်လွန်ကြိုးနှင့် သံကွင်းဆက်ကြိုးတွဲတို့ဖြင့် လည်ပင်း၌ ချည်နှောင်လျက် ပြတင်းပေါက်အထက်ပေါင်အနီး ခြောက်ပေအမြင့်တွင် သံကွင်းနှင့်ချိတ်လျက် ကြိုးဆွဲချသေဆုံးနေသည်ကို တွေ့ရကြောင်း သိရသည်။

**(တင်ထွန်းအောင်)**











Wherever we go,
great service follows.
We are MTN, a Mobile Telecommunications Network for the developing world.
ဖွံ့ဖြိုးတိုးတက်နေတဲ့ကမ္ဘာကြီးအတွက် မိုဘိုင်းဆက်သွယ်ရေးကွန်ရက် MTN
MTN
Please visit us at www.mtn.com
everywhere you go



# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ မြင်းကကုန်း တိုက်နယ် ခုတင် (၄၀) ဆံ့ ဆေးရုံသစ်ကြီး ဖွင့်ပွဲကို ၂၀၁၃ ခုနှစ်၊ မေလ (၁၄) ရက်၊ အင်္ဂါနေ့ နံနက် (၁၁) နာရီအချိန်တွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် နှင့် ဝန်ကြီးများ မှ တက်ရောက် ဖွင့်လှစ်ပေးခဲ့ပြီး သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးခဲ့ပါသော ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း အမှတ် (၅၁) နေ ဖခင် ( ဦးကာရူပ္ပယား ) နှင့် မိခင် ဒေါ်ကာလီမာ တို့အား အမှူးထား၍ သားဖြစ်သူ ဦးထင်ကြိုင် ( ရတနာ ကုန်သည် ) နှင့် ညီ-အစ်ကို မောင်နှမများ မိသားစုမှ ကျပ်ငွေ သိန်းပေါင်း ၄၅၀၀ ကုန်ကျခံကာ အသစ်ဆောက်လုပ် လှူဒါန်းခြင်းအတွက် မိတ်သင်္ဂဟအပေါင်းတို့မှ အထူးလှိုက်လှဲစွာ ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့် လူမျိုးအကျိုးကို ဆက်လက်ထမ်းပိုးတို့၍ လှူဒါန်းနိုင်ပါစေကြောင်းနှင့် အလှူရှင်များ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

| | | |
|---|---|---|
| ဦးဇော်မြင့် | ဦးဇော်ဝင်းမောင် | ဦးထင်သော် |
| [illegible] | M.D. Kalima Trdg, Co.Ltd | Sein Diamond Paint |
| ဦးမောင်စအေး | ဦးကျော်ကျော် | ဦးသိန်းထွဋ် |
| M.A. Printing [illegible] | [illegible] | [illegible] |
| ဦးကြည်စအေး | ဦးကျော်မင်းထွန်း | ဦးဒေသင်းထင် |
| [illegible] | M.D. Asia Lucky Seven Int'l Co.Ltd. | Dir. Surya Trdg, Co.Ltd. |

## ဂုဏ်ယူဝမ်းမြောက်ခြင်း

[illegible] State Excellence Awards Presentation Ceremony
[illegible] State Excellence Award
[illegible]
ဦးအောင်ကိုဝင်း
[illegible]

**CONGRATULATIONS**

Our heartiest congratulations to

**U Aung Ko Win**

For receiving the State Excellence Award

(First Prize among the entrepreneurs contributing the Highest tax payments to the State Budget's Revenue).

Conferred by the President of the Union of Myanmar on the occasion of the Union of Myanmar President's State Excellence Awards Presentation Ceremony, on 30 April 2013, for the first time under the new Government's administration.

We also wish him further success in future endeavour

Somboon Krobteeranon
Country Manager, Myanmar and Thailand
Visa International (Asia-Pacific) LLC

VISA

TV 5 NETWORK

ပရိသတ်ကြီးအတွက်

အထူးဈေးနှုန်း

စက် + ကတ်

+

(၂)လ ကြည့်ရှုခွင့်

ယခင် ၄၅၂၀၀ ကျပ်

ယခု ၃၅၅၀၀ ကျပ်



၂၀၁၃ ခုနှစ် မေလ (၁၉) ရက်မှ ဇွန်လ (၃၀) အတွင်းသာ

အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များ၊ အီလက်ထရောနစ်ဆိုင်များနှင့် ဖုန်းဆိုင်ကြီးများတွင် ဝယ်ယူနိုင်ပါသည်။

အသေးစိတ် သိရှိလိုပါက ဖုန်း (၀၁-၄၁၀-၈၇၈) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

STC

SAKURA AUTO AUCTION CENTRE

RAN SPEED AUTO CENTRE

RS AUTO

URL : www.sakura-auction.com, Email : sakuragroup11@gmail.com

ဒုတိယအကြိမ် ကံစမ်းမဲဖွင့်ပွဲ (၁.၆.၂၀၁၃) စနေနေ့

SAKURA AUTO AUCTION CENTRE နှင့် RANSPEED AUTO CENTRE

တို့မှ မော်တော်ကားအမျိုးမျိုး ဝယ်ယူအားပေးကြသော မိတ်ဆွေများကို

မော်တော်ကား (၅) စီး (အမည်ပေါက်)၊ မော်တော်ဆိုင်ကယ် (၁၀) စီး၊ ၄၀ လက်မ TV (၅) လုံးနှင့်

ဇလာမပါ အခြားဆုမဲပေါင်းများစွာကို ကံစမ်းမဲဖောက်၍ ကျေးဇူးတုံ့ပြန်ခြင်း အစမ်းအနားနှင့်

ဂုဏ်ပြုညစာစားပွဲကို ကျင်းပမည်ဖြစ်ပါ၍ Lucky Draw Cupon များနှင့်အတူ ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေရာ ။ Sakura Auto Auction Centre (ချယ်ရီဥယျာဉ်အိမ်ယာ၊ ၁၄/၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့)

နေ့ရက် ။ ၂၀၁၃ ခုနှစ်၊ ဇွန်လ (၁) ရက် (စနေနေ့)

အချိန် ။ ညနေ (၆) နာရီ မှ ည (၁၀) နာရီအထိ

၁၄/၃ ရပ်ကွက်၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၅၁၀၀၀၅၀၉၅၁၀၀၀၆၉










## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဘုရင့်နောင်)၊ မြေကွက်အမှတ် - စ/၆၀(က)၊ အကျယ်အဝန်းပေ(၂၀× ၆၀)ရှိ (၂၅) နှစ်ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ်-စ/၆၀(က)၊ စိန်ပန်းလမ်း၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသူ ဦးငွေရှိန် ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၁၁-၅-၂၀၁၃ရက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။

အရောင်းအဝယ်ကို အပြီးသတ် ငွေပေးချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲစာချုပ်ချုပ်ဆိုခွင့်ရသူ**
**ဦးခင်မောင်ရွှေ (စဉ်-၆၇၂၂)တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၆၆) နတ်ရှင်နောင်လမ်း (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်ဇင်အောင်လွင်[၁၂/ဒပန(နိုင်)၀၅၀၇၈၂] ကိုင်ဆောင်သူသည် မိဘနှစ်ပါးအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့ပါသဖြင့် အမွေစား၊ အမွေခံ သားသမီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်မယူပါကြောင်း ဆွေမျိုးမိတ်ဆွေများအားသိစေရန်နှင့် လက်ခံထားသူများအား အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(နှစ်ဖက်မိဘ သဘောတူညီမှုဖြင့်)**

**ဦးစောလွင်[၁၂/ဓဂန(နိုင်)၀၀၇၀၆၀]**    **ဒေါ်နှင်းနှင်း[၁၂/ဒဂတ(နိုင်)၀၀၀၀၄၅]**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

မြတ်အိမ်ရွှေကုန်သည်များအုပ်စု၊ ဥက္ကဋ္ဌ ဦးမြတ်သူအား (၂၀၁၀-၂၀၁၂) ခုနှစ်အတွက် အကောင်းဆုံးဖိုက်ဗ်ပြုလုပ်မှုလုပ်ငန်းရှင်ဖြစ်ခြင်းကြောင့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရမှ ချီးမြှင့်သည့် "ဖိုက်ဗ်ပြုလုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်" အဖြစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆုတံဆိပ်ကို ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက် အလွန် ဝမ်းမြောက်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အနာဂတ်တွင်လည်း ယခုကဲ့သို့ ဆက်လက်ပြီး မြန်မာနိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားများကို အထောက်အပံ့ပေး သယ်ပိုးနိုင်သည့် အောင်မြင်သော လုပ်ငန်းရှင်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးဝေဇော်လွင်ဦး(မန်နေဂျင်းဒါရိုက်တာ)
နေကြယ်ဦး ကုန်သွယ်လုပ်ငန်းစု



# MIN YE KYAW SWAR TOWER

Crown Advanced Construction Co., Ltd မှ ဆောက်လုပ်သော

16 Storeyed Building



➔ Min Ye Kyaw Swar Tower အတွင်းရှိ Shopping Mall Area ဖြစ်သော Ground Floor နှင့် 1st Floor တို့အား ဆိုင်ခန်းများဖွင့်လှစ်နိုင်ရန်တစ်ဦးတည်းပိုင် ရောင်းချမည်ဖြစ်ပါ၍ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ (Ground Floor - 10433 Sqft , 1st Floor = 12921 Sqft)

Office: NO 24 (D) , Baho Street, Alone Tsp, Yangon
Contact: 09 - 73070102
Email: crownconstruction.cac@gmail.com



**Green Vision Construction Co., Ltd**
Property Development and Construction Management

**ဝ-ထပ်ရှိ ကွန်ဒိုအဆောက်အအုံဆောက်လုပ်ရန်ကြော်ငြာခြင်း**

Green Vision Property Development ကုမ္ပဏီတွင်ဆောက်လုပ်ပြီး ... ပါသည်။

| | |
|---|---|
| တည်နေရာ | - ... |
| အဆောက်အအုံအကျယ်အဝန်း | - 36'-6" x 77'-6" |
| အထပ်အရေအတွက် | - ... + Penthouse + Basement Car Park |

... (၃-၆-၁၃) ... ပါသည်။

... နိုင်ပါသည်။

**Green Vision Construction Co.,Ltd.**
Ph : 01-572335, 01-1220851



## ကမ္ဘာ့ဒုနံပါတ်ဝမ်းနှင့် ချမ်းမင်း



# လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ဦးစင်ကြိုင်(မြို့ကျန်းသည်) မိသားစု အမှတ်(၅၁)၊ ရွာဘုံသာလမ်း၊ ရန်ကုန်မြို့မှ ကျပ်သိန်းပေါင်း(၄၅၀၀)ကျော်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သော ဈေးဘက်ဆိုင်းဓမ္မသဘင်ကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ် ပြင်းကျွန်းကျေးရွာ ခုတင်(၅၀)ဆံ့ဆေးရုံသစ်ကြီးအား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

| | | | |
|---|---|---|---|
| ဦးသိန်းလွင် | မိန်မိသားစု သံထည်ရောင်းဝယ်ရေး | ဦးအေးကြွ(ခ)ဦးရာကျူး | လှမွှေးနီဘိုးဘွားရိပ်သာ |
| ဦးလှဆောင် | GREEN ENERGY CO., | | ရွှေဝါသံထည်ရောင်းဝယ်ရေး |
| ဦးစိုးမြင့် | မိန်ဘရားသား သံထည်ရောင်းဝယ်ရေး | ဦးစိန်လွင် | မိန်မိသားစု သံထည်ရောင်းဝယ်ရေး |
| | DICE အထည်ချုပ်လုပ်ငန်း | ဦးမောင်မောင်သန်း | မိန်မိသားစု သံထည်ရောင်းဝယ်ရေး |




GUSTO INSTITUTE
School of Computing & Software Engineering
edexcel
သင်ရှာဖွေနေသော အလုပ်အကိုင် / အခွင့်အလမ်းများက သင့်ကို ပြန်လည်ရှာဖွေစေလိုပါသလား ?



HND DIPLOMA IN COMPUTING (UK)

- အချိန်အတော်ကြာ ပြောင်းလဲတိုးတက်နေသော မြန်မာနိုင်ငံ၏ နိုင်ငံတကာ ကုမ္ပဏီကြီးများ ဝင်ရောက်လာကြပြီ ကျွမ်းကျင် IT / Computer ပညာရှင် အမြောက်အများကို လအောကာင်းကောင်းဖြင့် ခန့်အပ်နေကြပြီ။
- ထိုအခွင့်အလမ်းများကို အရယူနိုင်ရန်အတွက် IT / Computing အစီအစဉ်ကို အထူးပြုသင်ကြားပေးနေသော Gusto Institute မှ HND Diploma in Computing ကို Student Centered Approach ဖြင့် လေ့ကျင့်သင်ကြားပေးနေပါသည်။
- HND Diploma ရရှိပြီးပါက ပြည်တွင်းရှိ Gusto Institute ၌ဖြစ်စေ၊ နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့ သွားရောက်၍ဖြစ်စေ ဆက်လက်တက်ရောက်ပြီး B.Sc. (Hons) Computing (UK) ဘွဲ့ကို ရယူနိုင်ပါသည်။

Admissions Enquiries : 332(D), Pyay Road (Near Mahamyaing) SanChaung Tsp., Yangon. Tel : 01- 503715, 0986-28806

Ponnami Language Centre
18 Aung Zeya Road, Kyauk Kone, Yankin
Ph. 566061, 653223, 09 50 36378, 09 5103 3081

Daw Ponnami Kyaw
MA (American University)
BA (Eng) Hons
Certificate in
TESOL (American University)
Specialist Certificate in
Language Curriculum And
Materials Development
(RELC, Spore)

Weekend Classes
Can Enroll now
Starting Date: 8th June

smart · thinking skill · innovation
Global Link
Office Specialist Training School
Microsoft Excel Specialist Training
Excel Specialist ထက်ပေးသတ်မြှင့်ချိဖို့ သင်ဝါတွေသိပြီးပြီလား ?
- အလုပ်ကျွတ်ရောမှာ ယာစ်ဆန်းခေနိုင်မည့် Formula များနည်းများ၊ Function သုံးနည်းများ
- Repetitive Tasks တွေကို click တစ်ချက်နှိပ်ရုံဖြင့် ပြီးနိုင်မည့် function တွေနဲ့ Template တွေအကြောင်း
- Data Modelling လုပ်နိုင်မည့် Subtotal နှင့် Pivot (Table & Chart) တွေအကြောင်း
09 430 68416

# မြင်းကကုန်းတိုက်နယ်ဆေးရုံသစ်ကြီး
# အောင်မြင်စွာဖွင့်လှစ်ခြင်းကျေးဇူးတင်လွှာ



ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ မြင်းကကုန်းတိုက်နယ်၊ မြင်းကကုန်းစံပြကျေးရွာတွင် ကျေးဇူးရှင် ဖခင်ကြီး (ဦးကရပယား)အား ရည်စူးကာ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကာလီယမားလ်အား အမှူးထား၍ ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ်(၅၁)နေ ဦးဝင်းကြိုင် ညီအစ်ကိုမောင်နှမ မိသားစုတို့မှ စေတနာသဒ္ဓါထက်သန်စွာဖြင့် ငွေကျပ် သိန်းပေါင်း (၄၅၀၀)တန်ဖိုးရှိ ခုတင် (၄၀)ဆံ့ မြင်းကကုန်းတိုက်နယ် ဆေးရုံသစ်ကြီးအား မေလ ၁၄ ရက် နံနက် ၁၀နာရီတွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ပါဝင်ကူညီ ဆောင်ရွက်ပေးကြပါသော ---

ဧရာဝတီတိုင်းဒေသကြီ ဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဧရာဝတီတိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာအသီးသီးမှဝန်ထမ်းများ၊ May Modern Steel Construction ကုမ္ပဏီမှ MD ဦးတင်ဝင်းနှင့်ဇနီး ဒေါ်ခင်မာထွေးအားလည်းကောင်း၊ ဦးအေးကြူ(ခ)ဦးရာဂျူး(လူမှုနီဘိုးဘွားရိပ်သာ Founder) (Super သံဆိုင်တောင်ဒဂုံ) ဦးကျော်ကျော် (သံထည်ရောင်းဝယ်ရေး)အားလည်းကောင်း၊ ဆေးပဒေသာပင်စိုက်ထူပေးကြသော အလှူရှင်များ၊ ရန်ကုန်မှ ကြွရောက်လာသော အထူးဧည့်သည်တော်များ၊ မြန်မာ့ရုပ်မြင်သံကြားနှင့်သတင်းစာဂျာနယ် Media ဝိုင်းတော်သားများ၊ သတင်းစာ၊ ဂျာနယ်များတွင် ဝမ်းမြောက်ကြောင်းထည့်သွင်းပေးသော မိတ်ဆွေများ၊ ဘိုကလေးမြို့နယ်နှင့် မြင်းကကုန်းနယ်သူနယ်သားများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဦးဝင်းကြိုင်

ညီအစ်ကိုမောင်နှမမိသားစု

အမှတ်(၅၁)၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့။

# မဟာဩဘာအများပိုင်ကုမ္ပဏီလီမိတက်

## Maha Awba Public Company Limited

## အများပိုင်ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးကြောင်းကြေညာခြင်း

မဟာဩဘာအများပိုင်ကုမ္ပဏီလီမိတက် (Maha Awba Public Company Limited) သည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်အမှတ် - ၄၀၇/၂၀၁၃ - ၂၀၁၄ဖြင့် ၂၀၁၃ခုနှစ်၊ ဧပြီလ (၂၉)ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးကြီးသောလုပ်ငန်းများဖြစ်သည့် -

- လူနှင့် ပတ်ဝန်းကျင်အတွက် အန္တရာယ်နည်းပါးသည့် ခေတ်မီနည်းပညာဖြင့် စိုက်ပျိုးရေးဆေးများတင်သွင်း ထုတ်လုပ်ဖြန့်ဖြူးခြင်း။
- မြန်မာ့ရေမြေ စိုက်ပျိုးသီးနှံများ နှင့် ကိုက်ညီသည့်နည်းပညာဖြင့် ဓာတ်မြေဩဇာများတင်သွင်းထုတ်လုပ်ဖြန့်ဖြူးခြင်း။
- ထွက်နှုန်းမြင့် မျိုးစေ့များစိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်း။
- တောင်သူဦးကြီးများအတွက် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း။
- တောင်သူကြီးများနှင့် အကျိုးတူ ခေတ်မီလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

အစရှိသည့်စီးပွားရေးလုပ်ငန်းများကိုနိုင်ငံတော်၊ တောင်သူလယ်သမားဦးကြီးများနှင့် ကုမ္ပဏီအစုရှယ်ယာဝင်များ၊ သုံးဦးသုံးဖလှယ် အကျိုးစီးပွားတိုးတက်စေရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကုမ္ပဏီလုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် (Certificate for Commencement of Business) ရရှိသည့်အခါ ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားသည့် မိတ်ဆွေပြည်သူများသို့ အစုရှယ်ယာများစတင်ရောင်းချသွားမည်ဖြစ်ကြောင်း၊ သတင်းကောင်းပါးအပ်ပါသည်။

Maha Awba Public Company Limited
အမှတ်(၃၃)၊ ရွှေပိတောက်ရိပ်မွန် ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Phone: 01- 538231, 538097, 527082, 504864, Fax: 01-500025

# ဂျပန်-မြန်မာဆက်ဆံရေး အခြေခံအသစ်တည်ဆောက်ရန် နှစ်နိုင်ငံ နိုင်ငံသားများ ကူးလူးဆက်ဆံရေးတိုးတက်လုပ်ဆောင်သွားရန်လို ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ပိုမိုလုပ်ဆောင်သွားမည်

## မြန်မာပြည်သူပြည်သားများအတွက် ဂျပန်ဝန်ကြီးချုပ် H.E.Mr.Shinzo ABE ၏ အမှာစကား

ဂျပန်နိုင်ငံဝန်ကြီးချုပ်အနေဖြင့် တရားဝင်အလည်အပတ်မရောက်ရှိခဲ့သည်မှာ ၃၆ နှစ်ကြာပြီဖြစ်သော မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ် မေလ ၂၄ ရက်နေ့တွင် ကျွန်တော်လာရောက်လည်ပတ်ပြီး နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကို အမှူးပြု၍ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သဘောထားအမြင်များ ဖလှယ်မည်ဖြစ်ပါသည်။ ကျွန်တော်အနေဖြင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် လာရောက်လည်ပတ်ခဲ့ပါသော်လည်း မြန်မာနိုင်ငံတွင် မကြာသေးမီကနှင့် ယခုလတ်တလောဖြစ်ပေါ်လျက်ရှိသည့် အပြောင်းအလဲများစွာကို ယခုတစ်ခေါက် လာရောက်လည်ပတ်ရာတွင် ကိုယ်တိုင်တွေ့ကြုံခံစားနိုင်မည်ဟု မျှော်ရှင်စွာ မျှော်လင့်စောင့်စားမိပါသည်။

ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ယခုအချိန်အထိ နှစ်ဖက်အပြန်အလှန်ယုံကြည်မှုကို အခြေခံပြီး ရေရှည်ကောင်းမွန်သော နှစ်နိုင်ငံအကြားဆက်ဆံရေးကို တည်ဆောက်ခဲ့ပါသည်။အဘိုးဖြစ်သူ ဝန်ကြီးချုပ် H.E.Mr. Nobusuke KISHI၊ ဖခင်ဖြစ်သူ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Shintaro ABE နှင့် ကျွန်တော်တို့ မျိုးဆက်သုံးဆက်တိုင်တိုင် လာရောက်လည်ပတ်နိုင်ခြင်းတို့ကြောင့် ကျွန်တော်နှင့် မြန်မာနိုင်ငံ ရေစက်ဆုံသည်ဟု ကိုယ်တိုင်လည်းခံစားမိပါသည်။ ယခုတစ်ခေါက် အလည်အပတ်လာရောက်ခြင်းသည် ရှေးယခင်လူကြီးများက ဆောင်ရွက်လာခဲ့သည့် သမိုင်းဝင် ဂျပန်-မြန်မာဆက်ဆံရေးကို ပိုမိုတိုးမြှင့်နိုင်ရန် တွန်းအားပေးပြီး အောက်ဖော်ပြပါ ကဏ္ဍလေးရပ်ကို အလေးထားပြီး ပူးပေါင်းဆောင်ရွက်သွားရန် လေးလေးနက်နက် မျှော်လင့်လျက်ရှိပါသည်။

(၁) နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးမြှင့်နိုင်ရန်အတွက် ဂျပန်နိုင်ငံက အထူးအလေးထားဆောင်ရွက်ခဲ့သည်မှာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးကူညီခြင်းဖြစ်ပါသည်။ ဒီမိုကရေစီအသွင် စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

## အင်အားအလွန် ပြင်းထန်သော ငလျင်လှုပ်

**နေပြည်တော် မေ ၂၄**

ယနေ့မွန်းလွဲ ၁၂ နာရီ ၁၄ မိနစ် ၄၉ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက်မိုင် ၄၀၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Sea of Okhotsk, Russia Region)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၈ ဒသမ ၁ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**




# ရန်ကုန်မြို့ ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် မေ ၂၄

**ယနေ့သည် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဖြစ်သည့်အားလျော်စွာ နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား ပုထိုး စေတီများ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိ ညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပကြသည်။**

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော အကြိမ်(၃၀)မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် စေတီတော် ရင်ပြင် အဂ္ဂိထောင့်ရှိပရိဘောဂစေတီ မဟာဗောဓိညောင်ပင် အနီး၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✤**



ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိ ညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။ (သတင်းစဉ်)

# ကဆုန်လပြည့် ဗုဒ္ဓနေ့အခါသမယတွင် နေပြည်တော်ရှိ ဘုရား ပုထိုး စေတီတော်တို့၌ ကုသိုလ်ပူညပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိ

နေပြည်တော် မေ ၂၄

**ယနေ့သည် ကဆုန်လပြည့် ဗုဒ္ဓနေ့အခါသမယဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘုရား ပုထိုး စေတီတော်တို့၌ ကဆုန်ညောင်ရေသွန်းပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ညောင်ရေသွန်းလောင်း ပူဇော်ကြသူများ၊ ကုသိုလ်ပူညပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။** စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကား လျက်ရှိစဉ်။
(ဓာတ်ပုံ-ခင်မောင်ဝင်း-ကြေးမုံ)

**ကြော်ငြာ အပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာ စာမျက်နှာ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ) ရှစ်မျက်နှာ အပိုပါရှိပါသည်။